နောက်ဆက်တွဲ(က)

**Diesel King Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်(၁)၊ မြေကွက်အမှတ် (၁၀၂)၊ မြေဧရိယာ(၁.၅) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခြင်ဆေးထုတ်လုပ်ခြင်းလုပ်ငန်း စီမံကိန်းအကြောင်းအရာ**

၁။ Diesel King Co., Ltd. မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် (၁)၊ မြေကွက်အမှတ် (၁၀၂)၊ မြေဧရိယာ(၁.၅) ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ခြင်ဆေးထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၏ ၂၈-၅-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ရက/ EIA/ ၅ (၂) (၁၇၀၆/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် တတိယပုဂ္ဂိုလ်အဖွဲ့အစည်း နီရိုတက်ခ်မြန်မာ ကုမ္ပဏီလီမိတက်မှ ပြုစုသော အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်း ဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးရဲလင်း (ဒါရိုက်တာ )၊ Diesel King Co., Ltd. ၊ အမှတ် (၃၉-က)၊ (၇) မိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉ ၂၅၄၄၁၉၉၀ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်မှာ ကုန်ကြမ်းများ လက်ခံခြင်း၊ ကုန်ကြမ်းများအား သတ်မှတ်အချိုးအစားများအတိုင်း ရောမွှေခြင်း၊ ရောမွှေပြီးကုန်ကြမ်းများအား ရောမွှေကန်အဆင့်ဆင့်တွင် အဆင့်ဆင့်ရောမွှေခြင်း၊ သိုလှောင်ကန်သို့ ထည့်ခြင်း၊ သိုလှောင်ကန်မှ ဆေးရည်များကို Filling Machine များဖြင့် Filling ပြုလုပ်ပြီး Capping Machine ဖြင့် အဖုံးပိတ်ကာ Labelling & Shrink ပြုလုပ်၍ ပါကင်ထုပ်ပိုးခြင်းတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** လျှပ်စစ်စွမ်းအားအသုံးပြုမှုအနေဖြင့် တစ်လလျှင် ပျမ်းမျှ (၉၈,၀၀၀) ယူနစ်ခန့် သုံးစွဲမည်ဖြစ်ကြောင်း၊ လောင်စာဆီ အသုံးပြုမှုအနေဖြင့် တစ်နှစ်လျှင် ပျမ်းမျှ (၇,၂၀၀) ဂါလန်ခန့် သုံးစွဲမည်ဖြစ်ကြောင်း၊ ချောဆီအနေဖြင့် အင်ဂျင်ဝိုင် (၆၀၀) ဂါလန်ခန့်၊ Compressor Oil (၃၀၀) ဂါလန်ခန့်နှင့် Grease (၄၃၂) ကီလိုဂရမ်ခန့် သုံးစွဲမည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် အထွေထွေသုံးရေအတွက် အဝီစိတွင်းရေကို ရယူသုံးစွဲပြီး သောက်သုံးရေအတွက် ရေသန့်စင်စက်များဖြင့် သန့်စင်ပြီး ပျမ်းမျှအားဖြင့် တစ်ရက်လျှင် (၅,၀၀၀) လီတာခန့် အသုံးပြုလျက်ရှိကြောင်း၊ အသုံးပြုကုန်ကြမ်းများမှာ တစ်ဖက်ပါ ဇယားအတိုင်းဖြစ်ကြောင်း ဖော်ပြထားပါသည်-

| No | Item | Qty |
|---|---|---|
| 1 | Wood Powder | 1659.8ton |
| 2 | CoConut Powder | 2572.7ton |
| 3 | Joss Powder | 115ton |
| 4 | Potassium Nitrate | 41.5ton |
| 5 | Sodium Benzonate | 29ton |
| 6 | Starch | 1327.8ton |
| 7 | Meperfluthrine | 1.545ton |
| 8 | Toluene | 10.3ton |
| 9 | Emulsifier | 2.07ton |
| 10 | Perfume | 18.67ton |
| | တစ်နှစ်တာထွက်ရှိမှုကုန်ချော (374400 Box) (12coil × 80) | |

၅။ **စီမံကိန်းတည်နေရာ။** ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန် (၁)၊ မြေကွက်အမှတ် (၁၀၂) တွင် တည်ရှိပါသည်။

